# ၁၉၅၇ ခုနှစ်၊ ကိုယ်ပိုင်ဈေးများကို ဒေသန္တရအဖွဲ့ပိုင် ပြုလုပ်ခြင်း (ပြင်ဆင်ချက်) အက်ဥပဒေ။ [၁]

[၁၉၅၇ ခုနှစ်၊ အက်ဥပဒေ အမှတ် ၇။]

(၁၉၅၇ ခုနှစ်၊ မတ်လ ၂၂ ရက်)

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။ (၁) ဤအက်ဥပဒေကို၊ ၁၉၅၇ ခုနှစ်၊ ကိုယ်ပိုင်ဈေးများကို ဒေသန္တရအဖွဲ့ပိုင် ပြုလုပ်ခြင်း (ပြင်ဆင်ချက်) အက်ဥပဒေဟု ခေါ်ရမည်။

(၂) ဤအက်ဥပဒေသည်၊ နောက်တွင် "အဆိုပါ အက်ဥပဒေ" ဟု ရည်ညွှန်းသည့် ၁၉၅၄ခုနှစ်၊ ကိုယ်ပိုင်ဈေးများကို ဒေသန္တရအဖွဲ့ပိုင်ပြုလုပ်ခြင်းအက်ဥပဒေ စတင်အာဏာတည်သည့်နေ့[၂]တွင် စတင် အာဏာတည်သည်ဟု မှတ်ယူရမည်။

၂။ ။ အဆိုပါ အက်ဥပဒေပုဒ်မ ၂၊ အပိုဒ်ခွဲ (က)၊ (ခ) နှင့် (ဂ) အစား၊ အောက်ပါတို့ကို ထည့်သွင်းရမည်။

" (က) 'ဈေး' ဆိုသည်မှာ၊ သား၊ ငါး၊ သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်၊ သက်ရှိသတ္တဝါ၊ စားဖွယ်သောက်ဖွယ်၊ စားကုန်သောက်ကုန်၊ သို့တည်းမဟုတ် အခြားလူသုံးကုန် ပစ္စည်းကို အချိန်မှန် လူအများ စုဝေးရောင်းချသောမြေရာ၊ အဆောက်အဦကို ဆိုလိုသည်။

(ခ) 'ကိုယ်ပိုင်ဈေး' ဆိုသည်မှာ၊ ဒေသန္တရအဖွဲ့မှတစ်ပါး မည်သူမဆို ပိုင်ဆိုင်သည့်ဈေးကို ဆိုလိုသည်။ သို့ရာတွင် ထိုစကားရပ်၌ ဘုရားပရိဝုဏ်အတွင်းရှိသော ဈေးမပါဝင်ချေ။

(ဂ) 'ဈေးပိုင်ရှင်' ဆိုသည်မှာ၊ ကိုယ်ပိုင်ဈေးကို ပိုင်ဆိုင်သူ၊ သို့တည်းမဟုတ် ဈေးကိုပိုင်ဆိုင်သူက တရားဥပဒေအရ၊ လွှဲပြောင်းပေးထားသောသူကို ဆိုလိုသည်။"

---

၁။ မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း -၁၊ ၁၉၅၇ ခုနှစ် ဧပြီလ (၆)ရက်၊ စာမျက်နှာ-၄၉၆။

၂။ ဤအက်ဥပဒေသည် ၁၉၅၄ ခုနှစ်အောက်တိုဘာလ (၁၃)ရက်နေ့တွင်စတင်အာဏာတည်သည်။ မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း-၁၊ ၁၉၅၄ ခုနှစ်၊ အောက်တိုဘာလ (၃၀) ရက်၊ စာမျက်နှာ-၁၆၀၉။

၃။ ။ အဆိုပါ အက်ဥပဒေပုဒ်မ ၆၊ အစား၊ အောက်ပါကိုပုဒ်မ ၆ အဖြစ် ထည့်သွင်းရမည်။

"၆။ ။နိုင်ငံတော်သမ္မတသည်၊ ပုဒ်မ ၄ အရ ဒေသန္တရအဖွဲ့ပိုင်ပြုလုပ်သည့်၊ သို့တည်းမဟုတ် ပုဒ်မ ၅၊ ပုဒ်မခွဲ (၁) အရ ဈေးပိုင်ရှင်ထံမှ သိမ်းယူသည့် ဈေး၏မြေရာ၊ အဆောက်အဦစသည့် ပစ္စည်းများကို သီးခြားဖော်ပြ၍ ကြေညာရမည်။

ရှင်းလင်းချက် ။ ။ ဤပုဒ်မတွင် ရည်ညွှန်းသည့် 'မြေရာအဆောက်အဦစသည့်ပစ္စည်း' ဆိုသည့် စကားရပ်တွင် ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့မှ ဤအက်ဥပဒေအရ ဈေးကို ဒေသန္တရအဖွဲ့ပိုင် ပြုလုပ်သည့်၊ သို့တည်းမဟုတ် ဈေးပိုင်ရှင်ထံမှ သိမ်းယူသည့်နေ့အထိ ကာလအပိုင်းအခြားအတွင်း အနည်းဆုံး ၃နှစ် တစ်ဆက်တည်း ဈေးအဖြစ်အသုံး ပြုခဲ့သည့်မြေရာ၊ အဆောက်အဦ၊သို့တည်းမဟုတ်အခြားပစ္စည်းပါဝင်သည်။"

---

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

ဦးဝင်းမောင်၊
သမ္မတ၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်။

ရန်ကုန်မြို့၊ ၁၃၁၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၇ ရက်။
(၁၉၅၇ ခုနှစ်၊ မတ်လ ၂၂ ရက်။)

အမိန့်အရ
ပါစိန်၊
သမ္မတ၏အတွင်းဝန်။